ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 4, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် (တနင်္လာနေ့)


အရှေ့တောင် အာရှနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု One Stop Service (OSS) Center များ

စာမျက်နှာ ၁




ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ၏ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များနှင့် ရွှေရောင်အနာဂတ်မြန်မာနိုင်ငံ

စာမျက်နှာ ၁၃




အာဆီယံခေါင်းဆောင်များသည် ဉာဏ်ရည်တု (AI) ဆိုင်ရာ လုံခြုံမှုကွန်ရက် မူဘောင်ကို အတည်ပြုသွားမည်

စာမျက်နှာ ၂၁



ဦးနှောက် - ကွန်ပျူတာ ချိတ်ဆက်မှုဖြင့် အတွင်းစိတ် ပြောဆိုချက်များအား အဓိပ္ပာယ်ဖော်ရန် သုတေသီများ စမ်းသပ်ကြိုးပမ်း

စာမျက်နှာ ၂၄



# သတင်းများ


| | | |
|---|---|---|
| အရှေ့တောင်အာရှနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု One Stop Service (OSS) Center များ | ဦးမျိုးခိုင်ဦး (DICA) | ၁ |
| မလေးရှားနိုင်ငံတွင် မြေရှားသတ္တုများကို သတ္တုရိုင်း အနေဖြင့် တင်ပို့ခြင်းမှ ပိတ်ပင်လိုက်ခြင်း | ဒေါက်တာခင်ဆွေဦး (UMO) | ၇ |
| စင်ကာပူနိုင်ငံ၏ရေရှည်မဟာဗျူဟာများကို ပြန်လည်ဆန်းစစ်ရန်အတွက် ကော်မတီ ၅ ခု ဖွဲ့စည်း | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၉ |
| စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့နှင့် Open AI တို့အကြား အဆင့်မြင့် AI နည်းပညာအသုံးပြု၍ စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ အဆင့်မြှင့်တင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၁၁ |
| ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ၏ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များနှင့် ရွှေရောင် အနာဂတ်မြန်မာနိုင်ငံ | ဒေါ်အိသဥ္ဇာအောင် (DICA) | ၁၃ |
| ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ထုတ်လုပ်မှုနှုန်း ကျဆင်းလာခြင်းတို့ကြောင့် တန်ဖိုးမြင့်ပစ္စည်း တစ်ခု အသွင်သို့ ပြောင်းလဲလာသည့် အုန်းဆီနှင့် အုန်းထွက် ပစ္စည်းများ | ဒေါ်နန်းအိဝေ (UMO) | ၁၇ |
| အာဆီယံခေါင်းဆောင်များသည် ဉာဏ်ရည်တု (AI) ဆိုင်ရာ လုံခြုံမှုကွန်ရက်မူဘောင်ကို အတည်ပြုသွား မည် | ဆုရည်ဆွေသဲဦး (FERD) | ၂၁ |
| ထရမ့်နှင့်ပူတင် တွေ့ဆုံမှုနောက်ပိုင်း ရုရှားရေနံ ဖြန့်ဖြူးမှုအပေါ် စိုးရိမ်မှုများ လျော့နည်းလာ၍ ရေနံ ဈေးနှုန်းများ တည်ငြိမ်လာ | ဒေါ်နီလာဝင်း (FERD) | ၂၃ |

# သတင်းများ


| | | |
|---|---|---|
| ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုဖြင့် အတွင်းစိတ် ပြောဆိုချက်များအား အဓိပ္ပာယ်ဖော်ရန် သုတေသီများ စမ်းသပ်ကြိုးပမ်း | စန်းစန်းမာ (FERD) | ၂၄ |
| Trump က အမေရိကန်၏ ထုတ်လုပ်မှုကို မြှင့်တင်ရန် တင်သွင်းလာသော ပရိဘောဂများအပေါ် အခွန် ကောက်ခံမှုကို မျက်စိကျနေ | မြသက်ချယ် (FERD) | ၂၇ |

## အရှေ့တောင်အာရှနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု One Stop Service (OSS) Center များ

၂၀၂၄ ခုနှစ်မှာ ကမ္ဘာ့ FDI ပမာဏ ကျဆင်းခဲ့ပေမယ့် ဖွံ့ဖြိုးဆဲ အရှေ့တောင်အာရှနိုင်ငံတွေဟာ ကမ္ဘာ့ FDI ရင်းနှီးမြှုပ်နှံမှုရဲ့ ၄၀% ကို ဆက်လက်ဆွဲဆောင်နိုင်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိတဲ့ဒေသအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ASEAN ဒေသတွင်းကို ဝင်ရောက်လာတဲ့ FDI ပမာဏဟာ ၁၀% တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၂၅ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်တို့ရဲ့ တိုးတက်မှုက အဓိကမောင်းနှင်အား ဖြစ်ခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်အတွက် FDI အလားအလာကို ခန့်မှန်းရာမှာ ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုတွေ၊ ပထဝီနိုင်ငံရေး တင်းမာမှုတွေနဲ့ ကုန်သွယ်ရေး ပဋိပက္ခတွေကြောင့် အဆိုးဘက်ကို ဦးတည်နေတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပေမဲ့ အရှေ့တောင်အာရှကတော့ ကမ္ဘာ့စီးပွားရေးရဲ့ မတည်ငြိမ်မှုတွေကို ခံနိုင်ရည်ရှိမယ်လို့ ခန့်မှန်းထားကြပါတယ်။အရှေ့တောင်အာရှနိုင်ငံတွေအနေနဲ့ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ဆွဲဆောင်နိုင်ခဲ့တာကတော့ ဗျူရိုကရေစီလုပ်ငန်းစဉ်တွေကို ရိုးရှင်းစေပြီး၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းနှင့် အေဂျင်စီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေခြင်းတို့အပြင် ရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်တဲ့ One Stop Service (OSS) Center တွေနှင့် စီမံကွပ်ကဲရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကြောင့်ဖြစ်ပါတယ်။အရှေ့တောင်အာရှနိုင်ငံတွေရဲ့ One Stop Service (OSS) Center များကို နိုင်ငံအလိုက်လေ့လာ သိရှိနိုင်ပါတယ်။

ပထမဆုံး ဘရူနိုင်းနိုင်ငံကို လေ့လာကြည့်ပါမယ်။၂၀၂၄ ခုနှစ်နဲ့၂၀၂၅ ခုနှစ်အစောပိုင်းကာလတွေမှာ ဘရူနိုင်းရဲ့စီးပွားရေးဟာ အဓိကအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ(Oil& Gas) နဲ့ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း (Downstream) တို့ရဲ့တိုးတက်မှုကြောင့် ခိုင်မာတဲ့အခြေအနေကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဘရူနိုင်းရဲ့ FDI ဝင်ရောက်မှုဟာ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော်အထိရောက်ရှိခဲ့ပါတယ်။ဒီလိုတိုးတက်မှုဟာ ရင်းနှီးမြှုပ်နှံသူတွေကရေနံထွက်ပစ္စည်းကဏ္ဍနဲ့ ထုတ်လုပ်ရေးကဏ္ဍတွေမှာ ပြန်လည် ရင်းနှီးမြှုပ်နှံတာကြောင့်ဖြစ်ပါတယ်။ဘရူနိုင်းအစိုးရဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုဆွဲဆောင်နိုင်ဖို့နဲ့လုပ်ငန်းစတင်တဲ့လုပ်ငန်းစဉ်တွေကို ရိုးရှင်းလွယ်ကူစေဖို့အတွက် one-stop service ပုံစံမျိုးကို အကောင်အထည်ဖော်ထားပါတယ်။ ဘရူနိုင်းရဲ့ အဓိက FDI မြှင့်တင်ရေး

အေဂျင်စီဖြစ်တဲ့ Brunei Economic Development Board (BEDB)လက်အောက်မှာ FDI Action and Support Centre (FAST) ကို ဖွဲ့စည်းထားပါတယ်။ ဒီစင်တာရဲ့ အဓိကရည်ရွယ်ချက်ကတော့ ရင်းနှီးမြှုပ်နှံသူတွေအတွက် လိုင်စင်၊ လုပ်ငန်း ခွင့်ပြုချက်တွေနဲ့ အခြားလိုအပ်တဲ့ စာရွက်စာတမ်းလုပ်ငန်းစဉ်တွေကို မြန်ဆန်ချောမွေ့အောင်လုပ်ဆောင်ပေးဖို့ဖြစ်ပါတယ်။ FAST စင်တာဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် လမ်းညွှန်မှုပေးခြင်း၊ အစိုးရဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးခြင်းနဲ့ လုပ်ငန်းခွင့်ပြုချက်တွေ လွယ်လွယ်ကူကူရရှိအောင် ကူညီပေးခြင်းစတဲ့ ဝန်ဆောင်မှုတွေကို ပေးပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးနဲ့ အလုပ်သမားခန့်အပ်မှုဆိုင်ရာ ခွင့်ပြုချက်တွေကိုပါ လွယ်ကူစေဖို့ FDI fast-track system ကိုလည်း အသုံးပြုထားပါတယ်။

ကမ္ဘောဒီးယားနိုင်ငံဟာ ၂၀၂၄ ခုနှစ်မှာ FDI ပမာဏဟာ အမေရိကန်ဒေါ်လာ ၆.၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၀% တိုးတက်ခဲ့ပါတယ်။ကမ္ဘောဒီးယားအစိုးရဟာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်တွေကို လွယ်ကူချောမွေ့စေဖို့အတွက် Council for the Development of Cambodia (CDC) ကို One-Stop Service အနေနဲ့ အဓိကထားပြီး ဖွဲ့စည်း တည်ထောင်ထားပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် လုပ်ငန်းခွင့်ပြုချက်များ (licenses)၊ မှတ်ပုံတင်ခြင်း (registrations) နှင့် အခြားလိုအပ်တဲ့ စာရွက်စာတမ်း လုပ်ငန်းစဉ်များ အားလုံးကို တစ်နေရာတည်းကနေပြီးစီးအောင်ဆောင်ရွက်ပေးပါတယ်။ CDC ဟာ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနဲ့ တိုက်ရိုက် ချိတ်ဆက်ပြီး လိုအပ်တဲ့ ခွင့်ပြုချက်တွေကို အချိန်ကုန် သက်သာစွာ ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် After-care ဝန်ဆောင်မှုအနေနဲ့ ရင်းနှီးမြှုပ်နှံပြီးနောက်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်မှုတွေနဲ့ ပြဿနာတွေကို ဖြေရှင်းပေးဖို့ ဝန်ဆောင်မှုပေးပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ၂၀၂၄ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၁၄.၃ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀.၈% တိုးတက်လာခဲ့ပါတယ်။ အင်ဒိုနီးရှားအစိုးရဟာ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို လွယ်ကူမြန်ဆန်စေဖို့အတွက် Investment Coordinating Board (BKPM) ကို Ministry of Investment အဖြစ် ပြောင်းလဲပြီး One-Stop Service စနစ်ကို အကြီးအကျယ် အကောင်အထည်ဖော်ခဲ့ပါတယ်။ အင်ဒိုနီးရှားရဲ့ အဓိက One-Stop Service စနစ်ကတော့ Online Single Submission (OSS) system ဖြစ်ပါတယ်။ ဒီစနစ်ကို ၂၀၁၈ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံသူတွေအတွက် လုပ်ငန်းမှတ်ပုံတင်ခြင်းနဲ့ လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းစဉ်တွေကို အွန်လိုင်းမှတစ်ဆင့်

တစ်နေရာတည်းမှာပဲ ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပါတယ်။ OSS စနစ်ကနေ တစ်ဆင့် ရင်းနှီးမြှုပ်နှံသူတွေဟာ လုပ်ငန်း မှတ်ပုံတင်နံပါတ် ( Nomor Induk Berusaha – NIB ) ရယူနိုင်ပြီး NIB ဟာ စက်ရုံမှတ်ပုံတင်ခြင်း၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းလုပ်ကိုင်ခွင့် (Importer Identification Number-API) နဲ့ အခြားလိုအပ်တဲ့ လုပ်ငန်းခွင့်ပြုချက်တွေအတွက်လည်း အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံသူ တွေအတွက် လမ်းညွှန်မှုပေးခြင်း၊ အစိုးရဌာနများကြားညှိနှိုင်း ဆောင်ရွက်ပေးခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို ပုံမှန်စောင့်ကြည့်ပေးခြင်းတို့ကို ဆောင်ရွက် ပါတယ်။ ၂၀၂၄ ခုနှစ်မှာ လာအိုရဲ့ FDI ဝင်ရောက်မှုဟာ အမေရိကန်ဒေါ်လာ ၉၆၉ သန်း အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၉.၅% တိုး တက်ခဲ့ပါတယ်။လာအိုအစိုးရဟာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စဉ်တွေကို လွယ်ကူ ချောမွေ့စေဖို့အတွက် One-Stop Service စနစ်ကို တည်ထောင်ထားပါတယ်။ ဒီစနစ်ရဲ့ အဓိကတာဝန်ယူတဲ့ အဖွဲ့အစည်းကတော့ Ministry of Planning and Investment (MPI) လက်အောက်ရှိ Investment Promotion Department (IPD) ဖြစ်ပါတယ်။ Investment Promotion Department (IPD) ရဲ့ One-Stop Service (OSS) ဟာ ရင်းနှီးမြှုပ်နှံသူတွေ အတွက် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို တစ်နေရာတည်းကနေ ပေးနိုင်ဖို့ ရည်ရွယ်ပါ တယ်။ဒီစင်တာမှာ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာလိုင်စင်တွေ၊ အတည်ပြုချက်တွေနဲ့ အခြား လိုအပ်တဲ့ အချက်အလက်တွေကို ရယူနိုင်ပါတယ်။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင့်ပြုချက်တွေ လျင်မြန်စွာ ရရှိစေဖို့ ကူညီပေးခြင်း တို့ကို လည်းဆောင်ရွက်ပေးပါတယ်။




မလေးရှားနိုင်ငံရဲ့ FDI ဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ်တွင် RM ၅၁.၅ ဘီလီယံ(အမေရိကန်ဒေါ်လာ၁၁.၅၅ ဘီလီယံခန့်)သို့ ခုန်တက်ခဲ့ပြီး၂၀၂၃ ခုနှစ်ထက် ၃၃%တိုးတက်ခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်တွင်လည်း RM ၈၉.၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၀.၂၇ ဘီလီယံခန့်) တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုခဲ့ပြီး တည်ငြိမ်တဲ့ အလားအလာကို ပြသနိုင်ခဲ့ပါတယ်။ မလေးရှား အစိုးရ အနေနဲ့ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ လုပ်ငန်းစဉ်တွေကို လွယ်ကူချောမွေ့စေရန်အတွက် One-Stop Service စင်တာများကို ထူထောင်ထားပြီး ယင်းစင်တာများကို Malaysian Investment Development Authority (MIDA) က တာဝန်ယူ စီမံခန့်ခွဲပါတယ်။ Ministry of Investment, Trade and Industry (MITI) သည် MIDA ရုံးချုပ်တွင်

Invest Malaysia Facilitation Centre (IMFC) ကို ထူထောင်ခဲ့ပြီး ဗျူရိုကရေစီ ယန္တရားကို လျှော့ချရန် အဓိကထား၍ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ခွင့်ပြုချက်များ၊အကြံဉာဏ်များနှင့် ညှိနှိုင်းမှုများကို တစ်နေရာတည်းတွင် ပေးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါတယ်။ MIDA နှင့်အတူ လိုအပ်တဲ့ အစိုးရဌာနတွေဖြစ်တဲ့ Customs၊ Immigration နှင့် Inland Revenue Board တို့ ပူးပေါင်းပါဝင်ပါတယ်။ ဒါ့အပြင် COVID-19 ကာလအတွင်းမှာ စီးပွားရေးခရီးသွားတွေအတွက် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို လွယ်ကူစေဖို့ OSC (One Stop Centre) for Business Travelers ကို ထူထောင်ပေးခဲ့ပါတယ်။ ဒီစင်တာက လုပ်ငန်းရှင်တွေအတွက် ခွင့်ပြုချက်များ လျှင်မြန်စွာ ရရှိအောင် ကူညီပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကတော့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း ၆၀ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၆၉၀.၁၈၉ သန်း ဝင်ရောက်ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု(FDI)ကို ဆွဲဆောင်ရန်နှင့် လုပ်ငန်းစဉ်တွေကို လွယ်ကူချောမွေ့စေရန် အတွက် One Stop Service for Investment (OSS) ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၄ အရ ဖွဲ့စည်းခဲ့ပြီး ရင်းနှီးမြှုပ်နှံသူတွေကို ၎င်းတို့ရဲ့ ရင်းနှီး မြှုပ်နှံမှုများကို အကောင်အထည်ဖော်ရာမှာ လမ်းညွှန်မှုများပေးခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါတယ်။

ဖိလစ်ပိုင်၏ FDI ဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ် တစ်နှစ်ပတ်လုံးတွင် ၂၀၂၃ ခုနှစ်ထက် ဝ.၁% သာ တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈.၉၃ ဘီလီယံ အထိ ရှိခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်တွင်မူ FDI ဝင်ရောက်မှုသည် ၈၂% ကျဆင်းခဲ့ပြီး ဒုတိယသုံးလပတ်တွင် ၆၄.၄% ကျဆင်းခဲ့ပါတယ်။ ဖိလစ်ပိုင်အစိုးရ သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များကို လွယ်ကူစေရန်နှင့် ဗျူရိုကရေစီ ယန္တရားများ ကိုလျှော့ချရန်အတွက် Ease of Doing Business and Efficient Government Service Act (RA 11032) ကို ပြဋ္ဌာန်းပြီး One-Stop Service စနစ်များကို အကောင်အထည်ဖော်ထားပါတယ်။ Board of Investments (BOI) သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရာတွင် အဓိကတာဝန်ယူ သည့်အဖွဲ့အစည်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော အချက်အလက်နှင့် ဝန်ဆောင်မှုများကို ပေးပါတယ်။ Philippine Business Hub သည် လုပ်ငန်းရှင်များအတွက် လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် အခြားဝန်ဆောင်မှုများအတွက်လိုအပ်သည့် အချက်အလက်နှင့်

လုပ်ထုံးလုပ်နည်းများကို အွန်လိုင်းမှတစ်ဆင့် တစ်နေရာတည်းတွင် ရရှိနိုင်စေရန် ရည်ရွယ်သည့် ပလက်ဖောင်းတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် ဖိလစ်ပိုင်အစိုးရသည် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်အတွက် Investment Facilitation Network (INFA-Net) ကို ဖွဲ့စည်းခဲ့ပြီး အေဂျင်စီပေါင်း ၃၆ ခု ပါဝင်ပါတယ်။ ကွန်ရက်ရဲ့ အဓိက ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်ချောမွေ့စေရန်နှင့် အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဖြစ်ပါတယ်။

စင်ကာပူ၏ FDI ဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၂ ဘီလီယံ အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၅.၆% တိုးတက်ခဲ့ပါတယ်။ စင်ကာပူသည် FDI ကို ဆွဲဆောင်ရန်အတွက် One-Stop Service စနစ်ကို အစောပိုင်းကတည်းက ထိရောက်စွာ အကောင်အထည်ဖော်ခဲ့ပြီး Singapore Economic Development Board (EDB) က အဓိကတာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ EDB သည် စင်ကာပူတွင် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များအတွက် စီးပွားရေးအကြံပေးခြင်း၊လုပ်ငန်းစတင်ခြင်းနှင့်တိုးချဲ့ခြင်းဆိုင်ရာပံ့ပိုးမှုများကို တစ်နေရာတည်းတွင် ဆောင်ရွက်ပေးပါတယ်။ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းအမျိုး အစားနှင့် လိုအပ်ချက်များကို အခြေခံ၍ စင်ကာပူတွင် လုပ်ငန်း တည်ထောင်ခြင်း၏ အားသာချက်များနှင့် သက်ဆိုင်ရာစည်းမျဉ်းများကို အကဲဖြတ်ပေးခြင်း၊ လိုင်စင်၊ အခွန်၊ ဥပဒေရေးရာနှင့် ငွေကြေးဆိုင်ရာ အခက်အခဲများအတွက် အခြားသော အစိုးရဌာနများနှင့် ပုဂ္ဂလိက ကုမ္ပဏီများကို ချိတ်ဆက်ပေးခြင်းတို့ဆောင်ရွက်ပေးပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက် အမြဲတမ်းနေထိုင်ခွင့်(Permanent Residence-PR) ရရှိနိုင်ရန်အတွက် Global Investor Programme -GIP အစီအစဉ်ကိုလည်း စီမံခန့်ခွဲပါတယ်။

ထိုင်းနိုင်ငံရဲ့ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) အခြေအနေဟာ တိုးတက်မှုနှုန်း ကောင်းမွန်နေပြီး ၂၀၂၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာ စုစုပေါင်းတန်ဖိုး ဘတ်ငွေ ၁.၁၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၂.၅ ဘီလီယံခန့်) အထိ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၃၅% တိုးတက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေရန်အတွက် One-Stop Service စနစ်ကို ထိရောက်စွာ တည်ထောင်ထားပြီး ယင်းလုပ်ငန်းစဉ်များကို Thailand Board of Investment (BOI) က အဓိကတာဝန်ယူ စီမံခန့်ခွဲပါတယ်။ BOI လက်အောက်ရှိ One Start One Stop Investment Center (OSOS) သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဓိက One-

Stop Service စင်တာ ဖြစ်ပါတယ်။ ဤစင်တာသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့်လိုင်စင်များ၊ ခွင့်ပြုချက်များနှင့်အခြားလိုအပ်သော စာရွက်စာတမ်းလုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် ပြီးစီးအောင် ကူညီ ဆောင်ရွက် ပေးပါတယ်။ ရင်းနှီးမြှုပ်နှံသူများအတွက် အသေးစိတ် အချက်အလက်နှင့် အကြံဉာဏ်များပေးခြင်း၊ စက်ရုံတည်နေရာရှာဖွေပေးခြင်း၊ ပေးသွင်းသူများ၊ ကန်ထရိုက်တာများ စသည်တို့ကို ချိတ်ဆက်ပေးခြင်းနှင့် အစိုးရဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းစသည့် ဝန်ဆောင်မှုများလည်း ပေးပါတယ်။ ဒါ့အပြင် ထိုင်းအစိုးရသည် BOI၊ လူဝင်မှုကြီးကြပ်ရေးဗျူရို (Immigration Bureau) နှင့် အလုပ်သမားဝန်ကြီးဌာန (Ministry of Labor) တို့ကို ပေါင်းစည်းထားတဲ့ Thailand Investment and Expat Services Center (TIESC) ကိုလည်း တည်ထောင်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ဝန်ထမ်းများအတွက် ဗီဇာ၊ အလုပ်လုပ် ကိုင်ခွင့်နှင့် အခြားဝန်ဆောင်မှုများကို တစ်နေရာတည်းကနေအပြည့်အစုံဝန်ဆောင်မှုပေးပါတယ်။

ဗီယက်နမ်နိုင်ငံ၏ ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းမှတ်ပုံတင်ထားသော FDI ပမာဏသည် အမေရိကန်ဒေါ်လာ ၃၈.၂၃ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် အနည်းငယ်သာ ကျဆင်းခဲ့ပါတယ်။ သို့သော် လုပ်ငန်းစတင်ရန် ရင်းနှီးမြှုပ်နှံထားသည့် FDI ပမာဏ (disbursed FDI) မှာမူ အမေရိကန် ဒေါ်လာ ၂၅.၃၅ ဘီလီယံ ရှိခဲ့ပြီး ၉.၄% တိုးတက်ခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် FDI ဝင်ရောက်မှုနှုန်းသည် သိသိသာသာမြင့်တက်လာခဲ့ပါတယ်။မှတ်ပုံတင်ထားတဲ့ စုစုပေါင်း FDI ပမာဏသည် အမေရိကန်ဒေါ်လာ ၄.၃၃ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၄၈.၆% အထိ တိုးတက်ခဲ့ပါတယ်။ ဗီယက်နမ်က ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ထုံးလုပ်နည်းများ လွယ်ကူစေရန်နှင့် အစိုးရ၏လုပ်ငန်းစွမ်းဆောင်ရည်ကိုတိုးမြှင့်ရန်အတွက် One-Stop Service စနစ်များကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဗီယက်နမ်ရဲ့ One-Stop Service ကို Ministry of Planning and Investment (MPI)မှ ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ခြင်း၊ အခွန်၊ အကောက်ခွန်၊ လျှပ်စစ်၊ ဆောက်လုပ်ရေး စသည့်ကိစ္စရပ်များကို တစ်နေရာတည်းတွင်စုစည်းဆောင်ရွက်လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ သက်ဆိုင်ရာဌာနများစွာသို့ သွားရောက် စရာမလိုဘဲ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်နှင့် ခွင့်ပြုချက်များကို One-Stop Service ယူနစ်များမှ တစ်ဆင့် တစ်ဆင့်ချင်းစီ လျှောက်ထားနိုင်ပါတယ်။ ထိုယူနစ်များက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး လျှောက်လွှာများကို စုစည်းဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ရင်းနှီး

မြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အွန်လိုင်းစနစ်သို့ ပြောင်းလဲနေပြီး လုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းမြင်သာအောင်နှင့်မြန်ဆန်စေရန်ဆောင်ရွက်လျက်ရှိပါတယ်။

One-Stop Service Center တွေကို တည်ထောင်ထားတဲ့အတွက် အာဆီယံနိုင်ငံတွေအနေနဲ့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ကို ပိုမိုထိရောက်စွာ ဆွဲဆောင်နိုင်လာတာကိုတွေ့ရပါတယ်။ ဗျူရိုကရေစီယန္တရား လျော့ကျလာခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်စိတ်ချရမှု တိုးမြင့်လာခြင်း၊ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အထောက်အကူပြုခြင်းစတဲ့ အကျိုးကျေးဇူးတွေကြောင့် One-Stop Service Center တွေကို အာဆီယံနိုင်ငံများကအပြိုင်အဆိုင် ထူထောင်ပြီး FDI ကို ထိရောက်စွာ ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းနေကြတာပဲဖြစ်ပါတယ်။

Source: https://asean.org/member-states/https://www.bedb.gov.bn/ https://cdc.gov.kh/https://bkpm.go.id/https://investlaos.gov.la/ https://www.mida.gov.my/https://www.dica.gov.mm/https:// business.gov.ph/ https://www.edb.gov.sg/ https://osos.boi.go.th/ EN/home/https://www.mpi.gov.vn/en

ဦးမျိုးခိုင်ဦး
ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## မလေးရှားနိုင်ငံတွင် မြေရှားသတ္တုများကို သတ္တုရိုင်းအနေဖြင့် တင်ပို့ခြင်းမှ ပိတ်ပင်လိုက်ခြင်း

ပြည်ပရင်းနှီးမြှုပ်နှံသူများသည် မြေရှားသတ္တုကဏ္ဍတွင် သတ္တုသန့်စင်သည့် လုပ်ငန်းစဉ် လုပ်ကိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ နည်းပညာ လွှဲပြောင်းပေးခြင်းတို့ လုပ်ကိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံ နိုင်မည်ဖြစ်ပါကြောင်းနှင့်ရရှိလာသော သန့်စင်ပြီး မြေရှားသတ္တုများကိုလည်း ပြည်ပသို့ တင်ပို့ရန်ခွင့်ပြုပေးမည်ဟု မလေးရှားနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Tengku Zafrul Abdul Aziz ကပြောကြားခဲ့ပါသည်။တရုတ်နိုင်ငံသည်မလေးရှားနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် မလေးရှားနိုင်ငံအား မြေရှားသတ္တုများ သန့်စင်ထုတ်လုပ်သည့် နည်းပညာများကို မျှဝေပေးရန် သဘောတူညီခဲ့ပါသည်။မြေရှားသတ္တု ဒြပ်စင် ၁၇ မျိုး ရှိရာ၌ ၎င်းတို့အားလုံးကို ထုတ်လုပ်ပေးနိုင်သည့် နိုင်ငံဟူ၍ တရုတ်နိုင်ငံ တစ်နိုင်ငံတည်းသာရှိပြီး တရုတ်ကုမ္ပဏီများ

သည်လည်း အဆိုပါလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန် လျက်ရှိပါသည်။တရုတ်နိုင်ငံ၏မြေရှားသတ္တုတူးဖော်မှုသည် ကမ္ဘာ့ မြေရှားသတ္တု တူးဖော်မှု၏ ၆၀ ရာခိုင်နှုန်း ကျော်ရှိပြီး သန့်စင်ထုတ်လုပ်မှုတွင် ၉၀ ရာခိုင်နှုန်းကျော်ရှိပါသည်။




သြစတြေးလျအခြေစိုက်Lynas Rare Earths၏ လက်အောက်ခံ Lynas Malaysia သည် မလေးရှားနိုင်ငံ၏ မြေရှားသတ္တုကဏ္ဍတွင် လုပ်ကိုင်လျက်ရှိပြီး Lynas Malaysia သည် တရုတ်နိုင်ငံပြင်ပတွင်ကမ္ဘာ့အကြီးဆုံး မြေရှားသတ္တုသန့်စင်ထုတ်လုပ်ရေး စခန်းကို လုပ်ကိုင်ရာ၌ သြစတြေးလျမှ ကုန်ကြမ်းကို အဓိကအားဖြင့် အသုံးပြုလျက် ရှိပါသည်။

Lynas Advanced Materials Plant သည် တစ်နှစ်လျှင် မြေရှားသတ္တု တန်ချိန် ၁,၅၀၀ ကို သတ္တုရိုင်း အဆင့် ဒြပ်စင်များ သန့်စင်ထုတ်လုပ်ပေးပြီး အပူဒဏ်ခံ သံလိုက်ထုတ်လုပ်ရာတွင် အသုံးပြုရန်အတွက် အလေးစား မြေရှားသတ္တု ဒြပ်စင်များဖြစ်သည့် ဒစ္စပရိုစီယမ် (Dysprosium)နှင့် တာဘီယမ် (Terbium) တို့ကို ထုတ်လုပ်လျက်ရှိပါသည်။

Lynas သည် မလေးရှားတွင် အမေရိကန်ဒေါ်လာသန်း၇၀၀ ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခဲ့သည်မှာ ၁၂ နှစ် ရှိပြီဖြစ်ပြီး ယခုအခါ မလေးရှားနိုင်ငံတွင် စူပါသံလိုက် ထုတ်လုပ်ရန်အတွက် ကိုရီးယားကုမ္ပဏီ JS Link နှင့်အတူ ပူးပေါင်းလုပ်ကိုင်မည်ဖြစ်ရာ စူပါသံလိုက် တစ်နှစ်လျှင်တန် ၃,၀၀၀အထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားပါသည်။ လက်ရှိအချိန်တွင် Lynas Malaysia သည် မြေရှားသတ္တု ကမ္ဘာ့ ထုတ်လုပ်မှု၏ ၁၁-၁၃ ရာခိုင်နှုန်းကို ထုတ်လုပ်လျက် ရှိပြီး Pahang ပြည်နယ်တွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။

အချုပ်အားဖြင့် မလေးရှားနိုင်ငံမှ မြေရှားသတ္တုသိုက်သည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇၅-၂၀၀ ဘီလီယံ ရှိမည်ဟုခန့်မှန်းထားပြီး အဆိုပါ ရှားပါးမြေသိုက်များသည် မလေးရှားနိုင်ငံ၏ အရှေ့ဘက် ကမ်းရိုးတန်းပြည်နယ်များဖြစ်သော Terengganu၊ Kelantan နှင့် Pahang တို့တွင် အဓိကတည်ရှိလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

Source: https://www.bangkokpost.com

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## စင်ကာပူနိုင်ငံ၏ ရေရှည်မဟာဗျူဟာများကို ပြန်လည်ဆန်းစစ်ရန်အတွက် ကော်မတီ ၅ ခု ဖွဲ့စည်း

အမေရိကန်နိုင်ငံက ချမှတ်သည့် အကောက်ခွန် နှုန်းထားအသစ်များနှင့် နိုင်ငံစုံပါဝင်သည့် ကုန်သွယ်ရေးစနစ် ပျက်စီးလာမှုစသည်တို့ကြောင့် စိန်ခေါ်မှုများ ဖြစ်ပေါ်လာသည့်အတွက် စင်ကာပူနိုင်ငံသည် ၎င်း၏ ရေရှည်မဟာဗျူဟာများကို ပြန်လည်စဉ်းစားသုံးသပ်ရန် စီးပွားရေး မဟာဗျူဟာ ပြန်လည်ဆန်းစစ်ခြင်းအဖွဲ့ (Economic Strategy Review-ESR) ကိုဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gan Kim Yong က **"စီးပွားရေး မဟာဗျူဟာ ပြန်လည် ဆန်းစစ်ခြင်းအဖွဲ့သည် စင်ကာပူစီးပွားရေးကြံ့ခိုင်မှုလုပ်ငန်းအဖွဲ့ (Singapore Economic Resilience Taskforce-Sert) ၏ လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်သည့် စီးပွားရေးလမ်းကြောင်း အသစ်တွင် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် အခွင့်အလမ်းများရရှိရေး အကူအညီပေးရန် ရေရှည် မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေးကို အစားထိုးခြင်းဖြစ်ကြောင်း၊ အကောက်ခွန် နှုန်းထားများမှာ လအလိုက်၊ နေ့အလိုက်ပြောင်းလဲလျက်ရှိရာ ပြည့်စုံကျယ်ပြန့်သည့် ပြန်လည်ဆန်းစစ်ချက်များ ဆောင်ရွက်ရန်လိုပြီး ရေရှည်တွင် ဆောင်ရွက်သင့်သည် များကို ဆုံးဖြတ်ရာ၌ အလျင်မလိုသင့်ကြောင်း၊အကောက်ခွန်နှုန်းအသစ်များကြောင့် စည်းမျဉ်းအခြေပြု ကုန်သွယ်မှုစနစ်တွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း၊ နိုင်ငံအများစုနှင့်စပ်လျဉ်းသည့် အကောက်ခွန်နှုန်းထားများကို ကြေညာခဲ့ပြီးဖြစ် သော်လည်း အဓိကစီးပွားရေး အင်အားကြီးနိုင်ငံ ၂ နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် ညှိနှိုင်းဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့အနာဂတ်တွင် မသေချာမှု များစွာဖြစ်ပေါ်နိုင်သော်လည်း တစ်ချိန်တည်းတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်း များရှိလာနိုင်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာကို ပြန်လည်ဆန်းစစ်ရန် အရေးကြီး ကြောင်း"** ပြောကြားခဲ့ပါသည်။

ESR သည် ကော်မတီ ၅ ခုကို ဖွဲ့စည်းပြီး ကော်မတီတစ်ခုလျှင် နိုင်ငံရေး အရာရှိ ၂ ဦးက ပူးတွဲ ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်မည် ဖြစ်ပါသည်။ ကော်မတီ ၅ ခုသည် စင်ကာပူနိုင်ငံ၏ ကမ္ဘာ့ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ခိုင်မာအားကောင်းစေရေး၊ နည်းပညာနှင့် တီထွင်ဆန်း သစ်မှုကို အသုံးချရေး၊ စွန့်ဦးတီထွင်မှုကို ပျိုးထောင်ရေး၊ လူ့စွမ်းအား တိုးမြှင့်ရေးနှင့် ပြန်လည်ဖွဲ့စည်းမှု၏ သက်ရောက်မှုများကို စီမံခန့်ခွဲရေးစသည့် နယ်ပယ် ၅ ခုတွင်

ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မတီ ၅ ခုသည် လာမည့်လများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ရှိချက်များနှင့် ၂၀၂၆ ခုနှစ်၊ နှစ်လယ်အတွက် အကြံပြုချက်များကို Sert သို့ တင်ပြရန် စီစဉ်ထားပါသည်။ အဆိုပါ အကြံပြုချက်များကို သင့်တော်သည့်အချိန်တွင် အစိုးရအဖွဲ့ထံသို့ စဉ်းစား ဆုံးဖြတ်နိုင်ရန် တင်ပြမည်ဖြစ်ပါသည်။

**"ESR တွင် ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြမည့် ငယ်ရွယ်သည့် နိုင်ငံရေး အရာရှိများသည် မတူညီသည့် ရှုထောင့်များမှ ကိစ္စရပ်များကို ရှုမြင်သုံးသပ်နိုင်မည် ဖြစ်ပြီး ဆန်းသစ်သည့် အတွေးအခေါ်များနှင့် အကြံပြုချက်များ ပေးနိုင်မည်ဖြစ် ကြောင်း၊ Sert ကို အတွေ့အကြုံရှိသည့် ဝန်ကြီးများနှင့် ဖွဲ့စည်းထားသည့်အတွက် ငယ်ရွယ်သည့် အရာရှိများနှင့် အတွေ့အကြုံရှိသည့် ဝန်ကြီးများအကြား အတွေး အခေါ်များ ချိန်ညှိနိုင်မည်ဖြစ်ကြောင်း"** ဒုတိယဝန်ကြီးချုပ် Gan Kim Yong က ပြောကြားခဲ့ပါသည်။

ကော်မတီ ၅ ခု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ကမ္ဘာ့ယှဉ်ပြိုင်နိုင်စွမ်းနှင့် စပ်လျဉ်းသည့် ကော်မတီအမှတ် ၁ ကို ပို့ဆောင်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီးနှင့် ဘဏ္ဍာရေးရာဝါရင့်ဝန်ကြီး Jeffery Siow နှင့် ကုန်သွယ်ရေး၊ စက်မှု၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာဝါရင့်ဝန်ကြီး Low Yen Ling တို့ကလည်းကောင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုနှင့်စပ်လျဉ်းသည့် ကော်မတီအမှတ် ၂ ကို ဒီဂျစ်တယ် ဖွံ့ဖြိုး တိုးတက်မှု၊ သတင်းအချက်အလက်နှင့် ပညာရေးဆိုင်ရာ ဝါရင့်ဝန်ကြီး Jasmin Lau နှင့် ယဉ်ကျေးမှု၊ အသိုက်အဝန်းနှင့် လူငယ်၊ ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ ဝါရင့်လွှတ်တော်အတွင်းရေးမှူး Goh Hanyan တို့ကလည်းကောင်း၊ စွန့်ဦး တီထွင်မှုနှင့်စပ်လျဉ်းသည့် ကော်မတီအမှတ် ၃ ကို ကုန်သွယ်ရေးနှင့် စက်မှုရေးရာ ဝန်ကြီးနှင့် အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီး Alvin Tan နှင့် ယဉ်ကျေးမှု၊ အသိုက်အဝန်းနှင့် လူငယ်နှင့် အလုပ်သမားရေးရာဝန်ကြီး Dinesh Vasu Dash တို့ ကလည်းကောင်း၊လူ့စွမ်းအားတိုးမြှင့်ရေးနှင့်စပ်လျဉ်းသည့် ကော်မတီအမှတ် ၄ ကို ပညာရေးရာ ဝါရင့်ဝန်ကြီး David Neo နှင့် အလုပ်သမားနှင့် ကျန်းမာရေးရာ ဝါရင့် ဝန်ကြီး Koh Poh Koon တို့ကလည်းကောင်း၊ ပြန်လည်ဖွဲ့စည်းမှု၏ သက်ရောက်မှု များနှင့် စပ်လျဉ်းသည့် ကော်မတီအမှတ် ၅ ကို ပြည်ထဲရေးရာဝန်ကြီး Goh Pei Ming နှင့် ကာကွယ်ရေး ဆိုင်ရာဝန်ကြီး Desmond Choo တို့ကလည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ဖြစ်ပေါ်လာသည့် ကမ္ဘာ့ကုန်သွယ်ရေး အကြပ်အတည်းများကြောင့်

စင်ကာပူနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်လာမှုများကို တုန့်ပြန် ဆောင်ရွက်မှု တစ်ခုအနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်ရာတွင် အစိုးရအဖွဲ့ကို အထောက် အကူပြုနိုင်စေရန် Sert နှင့် ESR တို့ကို ဖွဲ့စည်း၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: The Business Times

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့နှင့် Open AI တို့အကြား အဆင့်မြင့် AI နည်းပညာအသုံးပြု၍ စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍအဆင့်မြှင့်တင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (Singapore Tourism Board-STB) နှင့် OpenAI တို့အကြား အဆင့်မြင့် AI နည်းပညာ အသုံးချ၍ စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ အဆင့်မြှင့်တင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ခဲ့ကြောင်း STB က သတင်း ထုတ်ပြန် ခဲ့ပါသည်။ အဆိုပါနားလည်မှုစာချွန်လွှာသည် အာရှတွင် နိုင်ငံကိုယ်စားပြု ခရီးသွားလုပ်ငန်းအဖွဲ့ နှင့် OpenAI ၏ နည်းပညာကို ပထမဆုံးအသုံးပြုခြင်းဖြစ်ပြီး ခရီးသွားများ၏ လိုလားချက်နှင့်အညီ စင်ကာပူနိုင်ငံ ကို ခရီးသွားများ၏ အဓိကရွေးချယ်ရာနိုင်ငံဖြစ်စေရေး အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

STB သည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် OpenAI ၏ ဆောင်ရွက်နိုင်မှုများ မှတစ်ဆင့် ခရီးသွားများ ရရှိနိုင်မည့်အတွေ့အကြုံများကို အဆင့်မြှင့်တင်ရန် အဆင့် မြင့် AI နည်းပညာ အသုံးပြုမှုအပေါ် တာဝန်ယူမှုရှိစေရေး အရှိန်မြှင့်တင် ဆောင် ရွက်မည်ဖြစ်ပါသည်။ OpenAI တွင် ခရီးသွားဧည့်သည်များ၏ လည်ပတ်လိုသည့် ပုံစံအလိုက် အကြံပြုချက်များပေးရန် ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက် ခြင်း၊ ဘာသာစကားမျိုးစုံဖြင့် အကူအညီပေးခြင်း၊ ခရီးသွား လည်ပတ်ရန်နေရာ အကြောင်းကို ပုံပြင်ဆန်ဆန် ပြောကြားခြင်းစသည်တို့ ပါဝင်မည်ဖြစ်ပါသည်။ အဆင့်မြင့် AI နည်းပညာအသုံးပြုခြင်းဖြင့် ခရီးသွားလည်ပတ်ရန် နေရာများနှင့်

စပ်လျဉ်းသည့် ပိုမိုလေးနက်သော အသိအမြင်များကို ဝေမျှနိုင်ရန် အကူအညီဖြစ်စေမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလာမှုအပေါ် ချက်ခြင်းတုန့်ပြန် ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။

STB အနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အဆင့်မြင့် AI နည်းပညာနှင့် ပေါင်းစပ်၍ ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို စူးစမ်းလေ့လာသွားမည်ဖြစ်ပြီး သက်ရောက်လာနိုင်သည့် ဖြစ်ရပ်များကိုလည်း ဆန်းစစ်မှုများ ပြုလုပ်မည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုနှင့် အလားအလာတို့ကို ထပ်မံရှာဖွေသွားမည်ဖြစ်ပါသည်။ OpenAI ၏ နည်းပညာနှင့် ပေါင်းစပ်ခြင်းသည် STB နှင့် AI အခြေပြုသည့် အနာဂတ် ခရီးသွား ကဏ္ဍအတွက် အောင်မြင်မှုအသစ်များရရှိစေရေး အခြေခံကျသည့် ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။

STB ၏ နည်းပညာအရာရှိချုပ် Jorden Tan က **"ဆန်းသစ်တီထွင်မှုကို အားပေးရန်အတွက် OpenAI နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကြီးမားသည့် အလားအလာကို မြင်တွေ့နိုင်ကြောင်း၊ AI ကို ကုန်ထုတ်စွမ်းအားစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရန်အတွက် အဓိက ဆောင်ရွက်သူအဖြစ် မျှော်မှန်းထားကြောင်း၊ OpenAI နှင့် ပူးပေါင်း ဆောင်ရွက်မှုသည် ခရီးသွားလုပ်ငန်းကဏ္ဍပြောင်းလဲမှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး Tourism 2040 လမ်းပြမြေပုံနှင့်ကိုက်ညီကြောင်း၊ ခရီးသွားလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုများတွင် အဆင့်မြှင့်တင်နိုင်ရေး ကူညီပေးခြင်းမှသည် ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သည့် အတွေ့အကြုံများ ရရှိစေခြင်းဖြင့် ခရီးသွားဧည့်သည်များ၏ နောက်တစ်ကြိမ်လာရောက် လည်ပတ်လိုစိတ်ကို အားပေးမည်ဖြစ်ပြီး စင်ကာပူနိုင်ငံအတွက် ဆွဲဆောင်စည်းရုံးမှုဖြစ်စေမည် ဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။ OpenAI ၏ မန်နေးဂျင်းဒါရိုက်တာ Oliver Jay က **"စင်ကာပူနိုင်ငံသည်တီထွင်ဆန်းသစ်မှုတွင်ကမ္ဘာ့စံနှုန်းများနှင့်ကိုက်ညီသည့်နိုင်ငံဖြစ်ကြောင်း၊ STB ၏ ကတိကဝတ်ဖြစ်သည့် AI ဖြင့် အနာဂတ် ခရီးသွားလုပ်ငန်းကဏ္ဍကို ပုံဖော်မည့်အချက်ကို အထောက်အကူဖြစ်စေသည့်အတွက် ဂုဏ်ယူကြောင်း၊ OpenAI နည်းပညာဖြင့် STB ကို အကူအညီပေးနိုင်ရေး မျှော်လင့်ကြောင်း"** ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုကို ဆွဲဆောင်နိုင်ရေး အတွက် AI အသုံးပြုမှုကို အစပြုဆောင်ရွက်ခြင်းဖြစ်ပြီး

အနာဂတ်ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အခြေခံအုတ်မြစ် တည်ဆောက်ခြင်း ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


Source: စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များနှင့် ရွှေရောင်အနာဂတ်မြန်မာနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) တွင် ပါဝင်သည့် မိတ်ဖက်နိုင်ငံများနှင့် ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် ယွမ် ၂၂.၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃.၀၇ ထရီလီယံ) ရှိခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ကြီးမားသောဈေးကွက်သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ပေးအပ်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သွင်းကုန် ၅၄ ရာခိုင်နှုန်းနီးပါးသည် BRI မိတ်ဖက်နိုင်ငံများမှ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ တရုတ်နိုင်ငံသည် BRI နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ၃၆ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး အဓိကအားဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိသော၊ ဒီဂျစ်တယ်နှင့် အပြာရောင် စီးပွားရေး (သမုဒ္ဒရာများမှ အရင်းအမြစ်များကို ရေရှည်တည်တံ့စေရန် အသုံးပြုခြင်း) ကဲ့သို့သော ထွန်းသစ်စနယ်ပယ်များ ပါဝင်ပါသည်။




**BRI ဖြစ်ပေါ်လာပုံ**

BRI သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကာဇက်စတန်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များအတွင်း စတင်မိတ်ဆက်ခဲ့သော တရုတ်နိုင်ငံ၏ ကမ္ဘာတစ်ဝန်း

ဖြန့်ကြက်ရန် ရည်ရွယ်ထားသော ရေရှည်မဟာဗျူဟာ စီမံကိန်းတစ်ခုဖြစ်ပါသည်။ ထိုစီမံကိန်းကို One Belt One Road (OBOR) ရပ်ဝန်းတစ်ခု လမ်းကြောင်း တစ်သွယ်အနေဖြင့် မိတ်ဆက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် BRI အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ရှေးရှု၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် BRI ဆိုင်ရာ အဓိက လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအတွက် စည်းမျဉ်း စည်းကမ်းများနှင့် မူဘောင်များကို ချမှတ်အကောင်အထည် ဖော်ခဲ့ပါသည်။ Green Finance & Development Center ၏ စာရင်းများအရ ၂၀၂၅ ခုနှစ်၊ မေလတွင် BRI အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၀ ရှိပါသည်။

BRI သည် ကုန်းလမ်းကြောင်း ပိုးလမ်းမ စီးပွားရေးရပ်ဝန်း (Silk Road Economic Belt - SREB) နှင့် ၂၁ ရာစုပင်လယ်ရေကြောင်းပိုးလမ်းမ (21st Century Maritime Silk Road-MSR) အစိတ်အပိုင်းနှစ်ခုကို ပေါင်းစပ်ထားသည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်း ဖြစ်ပါသည်။ ကုန်းလမ်းကြောင်း ပိုးလမ်းမစီးပွားရေး ရပ်ဝန်းသည် တရုတ်နိုင်ငံမှ အစပြု၍ ကုန်းတွင်းပိတ်အာရှအလယ်ပိုင်း၊ ထိုမှ တစ်ဆင့် အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများ ကို ကုန်းလမ်းကြောင်းဖြင့် ချိတ်ဆက်သည့် ကွန်ရက်ဖြစ်ပါသည်။ ပင်လယ်ရေ ကြောင်းပိုးလမ်းမသည် တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ် သမုဒ္ဒရာ၊ အိန္ဒိယ သမုဒ္ဒရာတို့မှတစ်ဆင့် အရှေ့တောင်အာရှမှ တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ တောင်အမေရိကနှင့် ဥရောပတို့ကို ဖြတ်သန်းသွားလာ နိုင်မည့် အင်ဒို - ပစိဖိတ်ပင်လယ်ရေလမ်းကြောင်းကွန်ရက်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် BRI မိတ်ဖက်နိုင်ငံများ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အခြေခံအဆောက်အအုံများတည်ဆောက်၍ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့မှုမှသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသို့ ရည်ရွယ်သည့် ရင်းနှီး မြှုပ်နှံမှုများကို ဆောင်ရွက်ပါသည်။ အခြေခံအဆောက်အအုံတည်ဆောက်ရေးတွင် ဆိပ်ကမ်းများ၊ မိုးမျှော်တိုက်များ၊ မီးရထားလမ်းများ၊ အဝေးပြေးလမ်းမများ၊ တံတားများ၊ လေဆိပ်များ၊ ဆည်များ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ၊ ရထားလမ်းဥမင်များ၊ ရေနံပိုက်လိုင်းများ၊ နယ်စပ်ကုန်သွယ်ရေးကွန်ရက်များ ပါဝင်ပါသည်။ ထို့ပြင် ကုန်းလမ်းကြောင်းကွန်ရက် အတွင်းရှိ နိုင်ငံတကာ စီးပွားရေး စင်္ကြံ (၆) ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) နယူးယူရေးရှားကုန်းလမ်းပေါင်းကူး စီးပွားရေးစင်္ကြံ (New Eurasia Land Bridge Economic Corridor)

(၂) တရုတ် - မွန်ဂိုလီးယား - ရုရှား စီးပွားရေးစင်္ကြံ (China-Mongolia-Russia Economic Corridor)

(၃) တရုတ် - အာရှအလယ်ပိုင်း - အာရှ အနောက်ပိုင်းစီးပွားရေးစင်္ကြံ (China-Central Asia-West Asia Economic Corridor)

(၄) တရုတ် - အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံ (China-Indochina Peninsula Economic Corridor)

(၅) တရုတ် - ပါကစ္စတန် စီးပွားရေးစင်္ကြံ (China-Pakistan Economic Corridor)

(၆) ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာ စီးပွားရေးစင်္ကြံ (Bangladesh- China-India-Myanmar Economic Corridor (BCIM))

**မြန်မာနိုင်ငံနှင့် BRI စီမံကိန်းများ**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိပြီး တရုတ် - အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံနှင့် ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာ စီးပွားရေး စင်္ကြံ အစိတ်အပိုင်းများတွင် ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် BRI အကောင်အထည်ဖော်ဆောင်မှု အစီအစဉ်များတွင် ပါဝင်လျက်ရှိပြီး တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor-CMEC) ပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာတွင်လည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။

CMEC မူဘောင်အောက်တွင် စီမံကိန်းကြီး ၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ပထမစီမံကိန်းမှာ ၂၀၁၈ ခုနှစ် ကနဦးသဘောတူညီချက်အရ စတင်ခဲ့သော ၄၂၈၉ ဧကရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းဟူ၍ နှစ်ပိုင်းပါဝင်သည်။ ကုန်သေတ္တာတင်သင်္ဘောများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောများ ဆိုက်ကပ်ရာ မဒေးကျွန်း ရေနက်ဆိပ်ကမ်းနှင့် ရမ်းဗြဲဆိပ်ကမ်းနှစ်ခု၊ အဆင့်မြင့်အိမ်ရာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုလှောင်ကန်၊ ဓာတ်အားပေးရုံ စီမံကိန်းများပါဝင်သည့် ရေနက်ဆိပ်ကမ်းအပိုင်းနှင့် ချည်မျှင်နှင့် အထည်၊ အစားအသောက်၊ ရေထွက်ပစ္စည်း၊ ဆေးဝါး၊ လျှပ်စစ်နှင့် သုတေသန လုပ်ငန်းများပါဝင်သည့် စက်မှုဇုန် အပိုင်းများဟူ၍

ဖြစ်သည်။

ဒုတိယစီမံကိန်းမှာ နှစ်နိုင်ငံနယ်ခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်များဖြစ်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဟာဗျူဟာအရ အချက်အချာကျသော နယ်စပ်မြို့များနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် နယ်စပ်မြို့များအကြား ဟိုချောင် - ကံပိုင်တည်ဂိတ်၊ ရွှေလီ - မူဆယ် ဂိတ်၊ မိန်းတိန် - ချင်းရွှေဟော်ဂိတ်သုံးခုတွင် တည်ရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကို နယ်စပ်ကုန်သွယ်ရေး၊ ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်မှုစင်တာနှင့် စီးပွားရေးဇုန်များ ထူထောင်နိုင်သည်အထိ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်သည်။ တတိယစီမံကိန်းမှာ ကျောက်ဖြူ - ကူမင်း ရထားလမ်း စီမံကိန်းဖြစ်ပြီး တရုတ်နိုင်ငံအတွင်းမှ ရထားလမ်းစနစ်ဖြင့် ချိတ်ဆက်ထားသည့် ကီလိုမီတာ ၁၄၀၀ အရှည်ရှိ ကူမင်း - ကျောက်ဖြူ လျှပ်စစ်အမြန်ရထား စီမံကိန်းလမ်းကို မူဆယ် - မန္တလေး၊ မန္တလေး - ကျောက်ဖြူ စသဖြင့် အပိုင်းနှစ်ပိုင်းခွဲ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့်အပြိုင် ဆောင်ရွက်သွားမည့် စီမံကိန်းဖြစ်ပါသည်။

**အားသာချက်နှင့် စိန်ခေါ်မှုများ**

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အားသာချက်နှင့် အခွင့်အလမ်းများ ရှိသည့်နည်းတူ စိန်ခေါ်မှုများလည်းရှိမည်မှာ မလွဲမုချကေန်ပင်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ရှိရာ နယ်စပ်မြို့များသည် ဖွံ့ဖြိုးမှုနှင့် လုံခြုံရေးအားနည်းသော ဒေသများဖြစ်ပြီး သဘာဝဘေး၊ ရောဂါဘေးကဲ့သို့ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် လုပ်သားကျွမ်းကျင်မှုနည်းပါးခြင်း၊ စက်ပစ္စည်းကိရိယာ ရှားပါးခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး အားနည်းခြင်းစသည့် စိန်ခေါ်မှုများလည်း တွေ့ကြုံရမည်ဖြစ်ပါသည်။ ထိုသို့သော စိန်ခေါ်မှုများကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ စီမံခန့်ခွဲမှုစနစ်နှင့် လုပ်ငန်းအကဲဖြတ် အစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ပါက နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်ဖြစ်ပါသည်။

အားသာချက်များအနေဖြင့် ၂၀၂၅ ခုနှစ်တွင် International Monetary Fund (IMF) ၏ ကမ္ဘာ့ GDP ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၁ ဒသမ ၇၁ သန်းဖြင့် ကမ္ဘာတွင် စီးပွားရေး စွမ်းဆောင်နိုင်မှု အမြင့်ဆုံးနိုင်ငံဖြစ်နေသည့် တရုတ်နိုင်ငံ၏ BRI ပန်းတိုင်တွင် မြန်မာနိုင်ငံက ပါဝင်ခြင်းဖြင့် သိသာထင်ရှားသော အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဟု ယူဆပါသည်။ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုတို့တွင် တန်းတူညီမျှ ပေါင်းစည်းမှုမှတစ်ဆင့် နိုင်ငံတည်ငြိမ်

အေးချမ်းမှုများ ရရှိလာမည်ဖြစ်ပြီး ဒေသတွင်း ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုကိုပါ ပေးစွမ်းနိုင်မည်ဟု သုံးသပ်ရပါသည်။ လုံခြုံရေးအားကောင်းလာပါက ကျောက်ဖြူ အပါအဝင် အထူးစီးပွားရေးဇုန်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ခရီးသွား လုပ်ငန်းများစွာကို အကောင်းဆုံးဆွဲဆောင်နိုင်မည့် နေရာများဖြစ်ပြီး အခွန် အကောက်ရငွေများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အခြားသောစကြံများနှင့် ချိတ်ဆက် မိကာ ဒေသတွင်းကုန်သွယ် ဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်ကွန်ရက်အထိ ခြေဆန့်နိုင်မည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ပြီး နည်းပညာအပါအဝင် ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကိုလည်း မွေးထုတ် ပေးနိုင်မည်ဟု သုံးသပ်ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် BRI စီမံကိန်း များတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နောင်လာနောက်သားများအတွက် နိုင်ငံ၏ ရွှေရောင်တောက်ပသော အနာဂတ်ကို ဖော်ဆောင်ရာတွင် အထောက်အပံ့ကောင်းများ ရရှိလာ မည်ဟု ယုံကြည်ပါသည်။

Source: Research Gate

https://www.moi.gov.mm/article/72956

https://greenfdc.org/countries-of-the-belt-and-road-initiative-bri/

https://myantrade.gov.mm/article/npt-200120250245

ဒေါ်အိသဥ္ဇာအောင်
ဦးစီးအရာရှိ
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ထုတ်လုပ်မှုနှုန်း ကျဆင်းလာခြင်း တို့ကြောင့် တန်ဖိုးမြင့်ပစ္စည်းတစ်ခုအသွင်သို့ ပြောင်းလဲလာသည် အုန်းဆီနှင့် အုန်းထွက်ပစ္စည်းများ

လူသားတို့အတွက် အသုံးပြုနိုင်စရာပစ္စည်း အမျိုးမျိုးရရှိနိုင်သော အပင် ကို ညွှန်ပြပါဟုဆိုလျှင် အုန်းပင်ကို ညွှန်ပြကြရပေလိမ့်မည်။ အုန်းပင်တစ်ပင်လုံး တွင် မည်သည့်အစိတ်အပိုင်းကိုမဆို အသုံးမပြုရဟူ၍ မရှိသလောက်ဖြစ်ပါသဖြင့်

အသုံးပြုစရာ ပစ္စည်းအမျိုးမျိုးရနိုင်သော အုန်းပင်ကို ပဒေသာပင်ဟု အချို့က တင်စားကြပါသည်။



အာရှနိုင်ငံတစ်ချို့ဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် အုန်းဆီအား နေ့စဉ်ချက်ပြုတ်ရာတွင် အများဆုံး အသုံးပြုကြပါသည်။ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အနောက်အာဖရိကနိုင်ငံ တစ်ချို့နှင့် ကာရီဘီဒေသတို့တွင် ဟင်းပွဲများနှင့် အချိုပွဲများ၌ အုန်းသီးထွက် ပစ္စည်းများ အသုံးပြုကြပါသည်။ ယခုအခါ ကျန်းမာရေးတွင်သာမက ဆံပင်နှင့် အသားအရည်ကဲ့သို့ အလှအပရေးရာကိစ္စရပ်များတွင်လည်း အုန်းသီးမှရရှိသည့် ပစ္စည်းများကို အသုံးပြုလာကြပါသည်။

ဈေးနှုန်းနိမ့်ကျမှုကြောင့် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှု နည်းပါးခဲ့သော အုန်းထုတ်လုပ်မှုသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထပ်မံဒဏ် သင့်ခဲ့ရပါသည်။ သော့ခတ်ပိတ်ဆို့မှုများကြောင့် ဝယ်လိုအားနှင့် ဈေးနှုန်းများ ထိုးကျသွားခဲ့ပါသည်။



လူမှုမီဒီယာအကျိုးဆောင်များက အုန်းရည်၏ ကျန်းမာရေးအကျိုးကျေးဇူးများကို မီဒီယာတွင် အလေးပေးဖော်ပြလာကြသောအခါ ဝယ်လိုအားပြန်လည်တက်လာချိန်တွင် အထွက်နှုန်းများ ပိုမိုကျဆင်းသွားခြင်းဖြစ်ပါသည်။

အုန်းပင်အများဆုံးစိုက်ပျိုးသည့် နိုင်ငံများ၌ ရာသီဥတုဖောက်ပြန်မှုနှင့် ပိုးမွှားကျရောက်မှုများကြောင့် ရောင်းလိုအား ကန့်သတ်ချက်များ ဖြစ်လာပါသဖြင့် ကမ္ဘာ့အုန်းသီးဈေးကွက်သည် ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ အာရှတွင် ဗီယက်နမ်နိုင်ငံသည် အဓိကစားသုံးသူ အများအပြားရှိသည့် အမေရိကန်နှင့် တရုတ်ကဲ့သို့ နိုင်ငံများသို့ ကမ္ဘာ့ပဥ္စမမြောက် အုန်းသီးအများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။

အမေရိကန်၊ တရုတ်နှင့် ဥရောပတို့၌ ဝယ်လိုအား မြင့်တက်လျက်ရှိပြီး အမေရိကန်နိုင်ငံတွင် ဧပြီလ၌ အုန်းဆီဈေးနှုန်းသည် ၅ နှစ်တွင် ပျမ်းမျှနှုန်းထက် ၁၂၇ ရာခိုင်နှုန်းအထက် မြင့်တက်လာခဲ့ပါသည်။ အုန်းသီးထိပ်တန်းတင်ပို့သည့် နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂,၆၅၈ ဒေါ်လာ အထိ ပေါက်ဈေးရှိခဲ့ပြီး ၎င်းဈေးနှုန်းသည် ၃ နှစ်အတွင်း အမြင့်ဆုံးဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားရောဂါကျရောက် ဖျက်ဆီးမှုတို့ကြောင့် သီရိလင်္ကာ နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ အထွက်နှုန်း ထိခိုက်ခဲ့ပြီး အုန်းဆီထုတ်လုပ်ရန် ကုန်ကြမ်း ပြတ်လပ်သည်အထိ ဖြစ်ခဲ့ပါသည်။

အာရှတွင် အုန်းဆီဈေးနှုန်းများ ခုန်တက်လျက်ရှိသောကြောင့် အိန္ဒိယ နိုင်ငံတွင်လည်း စားသုံးသူအကြား နှစ်နှစ်အတွင်း ဈေးနှုန်းသုံးဆမြင့်တက်ခဲ့ပြီး အာဟာရကြွယ်ဝသော အုန်းရည်အတွက် ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ထုတ်လုပ်မှု နည်းပါးခြင်းတို့ကြောင့် သာမန်မီးဖိုချောင်သုံး ပစ္စည်းတစ်ခုမှ အဆင့် မြင့်ကုန်ပစ္စည်းအသွင်သို့ ပြောင်းလဲသွားခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်မှစတင်ခဲ့သော ဈေးနှုန်းမြင့်တက်မှုသည် အိန္ဒိယမှ အရှေ့တောင်အာရှအထိ ထုတ်လုပ်ရေးနိုင်ငံကြီးများတစ်လျှောက် မိုးရေ ချိန်နည်းပါးခြင်း၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုကြာမြင့်စွာ ဆက်တိုက်ဖြစ်ပေါ် ခြင်းနှင့် ပိုးမွှားရောဂါများ ပိုမိုကျရောက်ခြင်း တို့ကြောင့် ထုတ်လုပ်မှုများ နှောင့်နှေး ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံတွင်း ဈေးနှုန်းများသည် နှစ်နှစ်အတွင်း သုံးဆနီးပါးမြင့်တက် ကာ တန်ချိန် ၁ တန် လျှင် ရူပီး ၄၂၃,၀၀၀ (US$ ၄,၈၄၀) အထိ စံချိန်တင်မြင့်တက် ခဲ့ပြီး ကမ္ဘာ့ဈေးနှုန်းများလည်း ထိုကာလအတွင်း၌ပင် တန်ချိန် ၁ တန်လျှင် US$ ၂,၉၉၀ အထိ စံချိန်တင်မြင့်တက်သွားခဲ့ပါသည်။

International Coconut Community (ICC) ၏အဆိုအရ ထုတ်လုပ်မှု အကန့်အသတ်ရှိချိန်တွင် ဝယ်လိုအားတိုးပွားလာမှုကြောင့် ၂၀၂၅ ခုနှစ် ဒုတိယ နှစ်ဝက်အတွင်း ကမ္ဘာ့အုန်းဆီ ဈေးနှုန်းများသည် တန်ချိန်တစ်တန်လျှင် ဒေါ်လာ ၂,၅၀၀ မှ ၂,၇၀၀ အကြားတွင် ရှိနေပြီး ၂၀၂၃ ခုနှစ်ကတည်းက ဒေါ်လာ ၁,၀၀၀ ခန့် သိသိသာသာမြင့်တက်နေသည်ဟု ဆိုပါသည်။

အင်ဒိုနီးရှားနှင့် မလေးရှားတွင် မိုးခေါင်ရေရှားမှုကြောင့် အုန်းသီးအထွက် နှုန်း ကျဆင်းနေပြီး ဖိလစ်ပိုင်တွင်လည်း တိုင်ဖွန်းမုန်တိုင်းများကြောင့် အုန်းပင်များ ပြတ်လပ်နေဖွယ် ရှိပါသည်။

အုန်းရည်အတွက် ဝယ်လိုအားမြင့်မားလာခြင်းသည်လည်း လယ်သမားများအား အုန်းသီးများကို စောစောရိတ်သိမ်းစေပြီး ဆီနှင့် အုန်းသီးဆံထုတ်လုပ်ရန်အသုံးပြုသည့် ရင့်မှည့်သော အုန်းသီးများကို ရရှိနိုင်မှုအခွင့်အလမ်းအား ပိုမိုကျဉ်းမြောင်းလာစေပါသည်။ ဈေးနှုန်းမြင့်တက်နေသော်လည်း အုန်းထွက်ပစ္စည်းများ၏ ကျန်းမာရေးအကျိုးကျေးဇူးဟူသော အသိစိတ်သည် ဝယ်လိုအားကိုဆက်လက်မြှင့်တင်ပေးနေဆဲဖြစ်ပါသည်။ အုန်းဆီမှ အကြီးစားလွှဲပြောင်းသုံးစွဲမှုများသည် စက်မှုလုပ်ငန်းသုံး ချောဆီနှင့် အိမ်တွင်းသုံး စားအုန်းဆီ၊ ပဲဆီ၊ နှင်းဆီအပါအဝင် အစားထိုးဆီများ၏ဈေးနှုန်းကိုပါ ဆက်လက် မြင့်တက်လာနိုင်ပါသည်။

အုန်းဆီသည် အာရှတွင်ရေပန်းစားသော်လည်း ကိုပရာခေါ် အုန်းသီးဆံခြောက်၊ အုန်းသီးခရင်မ်နှင့် အုန်းနို့တို့မှာ ဗြိတိန်၊ တရုတ်၊ ဥရောပ၊ မလေးရှား၊ အမေရိကန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့တွင် ဝယ်လိုအားမြင့်မားနေပါသည်။

အင်ဒိုနီးရှားအုန်းသီး ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းအသင်း၏ ဒုဥက္ကဋ္ဌ အမ်ရီဇယ်အီဒရိုက်၏ ပြောကြားချက်အရ မြင့်တက်လာသောဝယ်လိုအားကို အခွင့်ကောင်းယူရန် အင်ဒိုနီးရှား လယ်သမားများသည် ဆီထုတ်ယူခြင်းထက် အုန်းသီးအလုံးလိုက် တင်ပို့မှုကို ပိုမိုလုပ်ဆောင်လာကြပါသည်။

အစိုးရထုတ်ပြန်ချက်အရ အင်ဒိုနီးရှား၏ အုန်းဆီတင်ပို့မှုသည် ဇန်နဝါရီမှ ဖွန်လအတွင်း ၁၅% ကျဆင်းခဲ့ပြီး အုန်းသီးခြောက်နှင့် အုန်းသီးကဲ့သို့အခွံမာသီးများ တင်ပို့မှုမှာ နှစ်စဉ် ၅၈% တိုးတက်ခဲ့ပါသည်။ သို့ရာတွင် စိုက်ခင်းသစ်များမှ အထွက်နှုန်းရရှိရန် လေးနှစ်မှ ငါးနှစ်ခန့် ကြာမြင့်တတ်သောကြောင့် ဈေးနှုန်းများ မြန်မြန်ကျဆင်းနိုင်သည့် အလားအလာမှာ မှေးမှိန်နေပါသည်။

မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသည့်အုန်းသီးများကို တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ပြည်တွင်းထွက် အုန်းသီးများကို ပြည်ပ ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့် အိမ်နီးချင်းနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် တစ်နှစ်လျှင် အုန်းသီးအလုံးရေ သန်း ၄၀၀ ကျော်ထွက်ရှိကာ ယင်းတို့အနက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုန်းခြံများမှ အုန်းသီးအလုံးရေ သန်း ၁၃၀ ခန့် ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်များကိုပါ ချိတ်ဆက်တင်ပို့ရောင်းချလျက်ရှိပါသည်။

လက်ရှိတွင် မြန်မာ့အုန်းသီးစျေးကွက်သည် ပြည်ပဝယ်ယူမှုအပြင် ပြည်တွင်းရှိ စားသုံးသူစျေးကွက်များ၊ မုန့်လုပ်ငန်းများ၊ အုန်းဆီစက်များ၊ အလှကုန် ထုတ်လုပ်သည့်လုပ်ငန်းများမှ ဝယ်ယူမှု မြင့်တက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်နိုင်သည့်မြေယာပေါများ၍ အုန်းပင်စိုက်ပျိုးရန် လျော်ညီသည့် ရာသီဥတုရှိသော အဖိုးတန်နိုင်ငံဖြစ်သည်နှင့်အညီ လူအများအတွက် အသုံးဝင်သော အုန်းသီးအခြေခံ စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည်အထိ အကျိုး ကျေးဇူးရရှိနိုင်သောကြောင့် အုန်းစိုက်ပျိုးရေးတွင် ရင်နှီးမြှုပ်နှံသူများအား ဆွဲဆောင် စည်းရုံးခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်လာနိုင်ပါ သည်။

Source Reuters.com

http://agribiznews.com.mm

http://commerce.gov.mm

ဒေါ်နန်းအိဝေ
ဦးစီးအရာရှိ
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## အာဆီယံခေါင်းဆောင်များသည် ဉာဏ်ရည်တု (AI) ဆိုင်ရာ လုံခြုံမှုကွန်ရက်မူဘောင်ကို အတည်ပြုသွားမည်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် (၄၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များသည် အာဆီယံ ဉာဏ်ရည်တုဆိုင်ရာ လုံခြုံမှု ကွန်ရက် (ASEAN AI Safety Network) တည်ထောင် နိုင် ရေးအတွက် ကြေညာချက်တစ်စောင် အတည်ပြုသွားရန်နှင့် ဒေသတွင်းတွင် အသိဉာဏ်ဆိုင်ရာ ဉာဏ်ရည်တု (AI) လုံခြုံရေး၊ ကျင့်ဝတ်နှင့် အုပ်ချုပ်မှု နည်းလမ်း များ ချမှတ်နိုင်ရေးအတွက် ခြေလှမ်းသစ်တစ်ခုကို စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မျှော်မှန်းထားပါသည်။

အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် Kao Kim Hourn က အဆိုပါ ပဏာမခြေလှမ်းသည် ASEAN Responsible AI Roadmap နှင့်ကိုက်ညီပြီး AI ဖွံ့ဖြိုး



တိုးတက်မှုနှင့် ဆက်စပ်ဖြစ်ပေါ် လာနိုင်သည့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ပိုမိုကျယ်ပြန့်သော ကတိကဝတ်ကို ထင်ဟပ်နေကြောင်း၊စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများအကြား AI ၏ အသွင်ကူးပြောင်းရေး တိုးတက်မှုကို လမ်းညွှန်ရာတွင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်းပြောကြားခဲ့ပါသည်။

၂၀၂၆ ခုနှစ်အစောပိုင်းတွင် ASEAN AI Safe သည် တာဝန်ယူမှုရှိသော ဉာဏ်ရည်တု (AI) ဖွံ့ဖြိုးတိုးတက်ရေး ကတိကဝတ်ကို အလေးပေးဖော်ပြပြီး အဆိုပါကွန်ရက်ကို တရားဝင် ဖွဲ့စည်း တည်ထောင်သွားရန် မျှော်လင့်ပါကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ယခုနှစ်အတွင်း အာဆီယံဒီဂျစ်တယ် စီးပွားရေးမူဘောင် သဘောတူညီချက်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ယခင်ရှိပြီးဖြစ်သည့် ဒေသတွင်း ဒစ်ဂျစ်တယ်ဂေဟာစနစ်အပေါ် တည်ဆောက်သွားရန် ရည်ရွယ်ပါကြောင်း၊ အဆိုပါ မူဘောင်သည် ၂၀၃၀ ပြည့်နှစ်တွင် ခန့်မှန်းထားသော စီးပွားရေး အကျိုးသက်ရောက်မှုတွင် အမေရိကန်ဒေါ်လာ ၂ ထရီလီယံအထိ နှစ်ဆတိုးမြင့်စေနိုင်ခြင်း၊ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ခြင်းနှင့် ဒေသတွင်း ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို တွန်းအားပေးနိုင်ခြင်း စသည့်အလားအလာများရှိပါကြောင်း ဖော်ပြထားပါသည်။

Source–https://tvbrics.com/en/news/asean-leaders-to-adopt-ai-safety-network-framework/

ဆုရည်ဆွေသဲဦး
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ထရမ့်နှင့်ပူတင် တွေ့ဆုံမှုနောက်ပိုင်း ရုရှားရေနံဖြန့်ဖြူးမှုအပေါ် စိုးရိမ်မှုများ လျော့နည်းလာ၍ ရေနံ ဈေးနှုန်းများ တည်ငြိမ်လာ

အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ ခေါင်းဆောင်များ တွေ့ဆုံမှုအပြီးတွင် အမေရိကန်အစိုးရက ရုရှားနိုင်ငံအား ယူကရိန်းစစ်ပွဲကို ရပ်တန့်ရေးအတွက် ရေနံတင်ပို့မှုများအား အနှောင့်အယှက်ဖြစ်စေနိုင်သော အရေးယူမှုများကို ထပ်မံမပြုလုပ်သည့်အတွက် ရေနံဈေးနှုန်းများသည် အစောပိုင်းတွင် အရောင်းအဝယ် အနည်းငယ်ကျဆင်းခဲ့ပြီးနောက် ဩဂုတ်လ ၁၈ ရက်နေ့တွင် တည်ငြိမ်လျက်ရှိပါသည်။ GMT စံတော်ချိန် ၀၃၄၂ နာရီအထိ ဘရန့်ရေနံစိမ်း အနာဂတ်ဈေးနှုန်းသည် တစ်ပေပါလျှင် အမေရိကန် ဒေါ်လာ ၆၅.၇၉ ဖြင့်ရှိနေပြီး ၆ ဆင့် သို့မဟုတ် ၀.၀၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ တစ်ချိန်တည်းမှာပင် အမေရိကန် West Texas Intermediate (WTI) ရေနံစိမ်းသည် တစ်ပေပါလျှင် အမေရိကန်ဒေါ်လာ ၆၂.၈၂ ဖြင့် ရှိနေပြီး ၂ ဆင့် သို့မဟုတ် ၀.၀၃ % မြင့်တက်လာခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဩဂုတ်လ ၁၅ ရက်က အမေရိကန် ပြည်ထောင်စု အလာစကာပြည်နယ်၌ တွေ့ဆုံခဲ့ကြပြီး ချက်ချင်းအပစ်အခတ် ရပ်စဲရေးကို သဘောတူညီချက် မရရှိခဲ့သော်လည်း ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက် ရရှိရေးအတွက် ရုရှားနှင့်ပိုမိုညှိနှိုင်းလာနိုင်ခဲ့ပါသည်။ ထရမ့်သည် ဩဂုတ်လ ၁၈ ရက်တွင် ယူကရိန်းသမ္မတ Volodymyr Zelenskiy နှင့် ဥရောပခေါင်းဆောင်များကို တွေ့ဆုံမည်ဖြစ်ပြီး၊ နှစ်ပေါင်း ၈၀ အတွင်း ဥရောပတွင် ဖြစ်ပွားနေသည့် အကြမ်းဖက် စစ်ပွဲတစ်ခုကို အဆုံးသတ်ရန် ငြိမ်းချမ်းရေးသဘောတူ စာချုပ်ကို မြန်မြန်ဆန်ဆန် ချမှတ်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ပါသည်။

ဩဂုတ်လ ၁၅ ရက် အဆိုပါ တွေ့ဆုံပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံအပါအဝင် ရုရှားရေနံဝယ်ယူနေသော နိုင်ငံများအပေါ် တုန့်ပြန်အကောက်ခွန်ကို ချက်ချင်းမချမှတ်ပဲ သီတင်းပတ် တစ်ပတ် သို့မဟုတ် နှစ်ပတ် စဉ်းစားရန်လိုကြောင်း ပြောကြားခဲ့သဖြင့် ရုရှားရေနံရောင်းချရေး ပိတ်ဆို့မှုအပေါ် စိုးရိမ်ပူပန်မှုများ လျော့နည်းစေခဲ့သည်။ စွမ်းအင်ဆိုင်ရာ သုံးသပ်သူ Gaurav

Sharma က ယခုတွေ့ဆုံမှုတွင် တိကျသောအဖြေ မထွက်လာခြင်းကြောင့် ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး ရုရှားရေနံများ ကမ္ဘာ့ဈေးကွက်သို့ ပိုမိုရောက်ရှိလာပါက ယူကရိန်းတွင် စစ်ပွဲများ အဆုံးသတ်သင့် ကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ရေနံအများဆုံးတင်သွင်းသူ တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံပြီးလျှင် ရုရှားရေနံကို အများဆုံး ဝယ်ယူသူ ဖြစ်ပါသည်။ RBC Capital မှ လေ့လာသုံးသပ်သူ Helima Croft က အမေရိကန်သည် ရုရှားရေနံဝယ်ယူနေသော နိုင်ငံများအပေါ် ထပ်ဆင့် အကောက်ခွန်သတ်မှတ်ထားပြီး ဒေါ်နယ်ထရမ့်က အဆိုပါအခြေအနေကို ယာယီရပ်ဆိုင်းပြီး တရုတ်နိုင်ငံအပေါ် အရေးယူမှုကိုလည်း ရပ်တန့်ထားလိမ့်မည် ဖြစ်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။ အခြေအနေများသည် လက်ရှိအချိန်အထိ ပြောင်းလဲခြင်း မရှိကြောင်းနှင့် နှစ်ဖက်လုံးအနေဖြင့် သဘောတူ ညီချက်များ ရရှိရန် လက်ခံမည်မဟုတ်ကြောင်း Croft က ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများသည် ယခုအပတ် Jackson Hole ဆွေးနွေးပွဲအတွင်း စတော့ဈေးကွက် မြင့်တက်လာနိုင်သည့် အတိုးနှုန်း လျှော့ချနိုင်ချေနှင့် စပ်လျဉ်း၍ အခွင့်အလမ်းအဖြစ် Federal Reserve ဥက္ကဋ္ဌ Jerome Powell ပြောကြားမည့် အချက်အလက်များကို စောင့်ကြည့်လျက်ရှိကြပါသည်။

Source – https://www.reuters.com/business/energy/oil-prices-climb-after-us-adviser-says-indias-russian-crude-buying-has-stop-2025-0818/

ဒေါ်နီလာဝင်း
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုဖြင့် အတွင်းစိတ်ပြောဆိုချက်များအား အဓိပ္ပာယ်ဖော်ရန် သုတေသီများ စမ်းသပ်ကြိုးပမ်း

သုတေသနအဖွဲ့တစ်ဖွဲ့သည် မကြာသေးမီက **"Cell"** ဂျာနယ်၌ သုတေသနစာတမ်း ထုတ်ပြန်ခဲ့ရာ ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှု နည်းပညာ အကူအညီဖြင့် စမ်းသပ်မှုတွင် အတွင်းစိတ်ပြောဆိုချက် (လူ့ဦးနှောက်အတွင်း အသံတိတ်ပြောဆိုသည့်စကား) နှင့် သက်ဆိုင်သည့် ဦးနှောက်လျှပ်စီးလှိုင်းကို အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ပြီး တိကျမှုနှုန်းအမြင့်ဆုံး ၇၄ ရာခိုင်နှုန်းဖြင့် လိုအပ်ချက်အရ အဆိုပါ လျှပ်စီးလှိုင်းကို အဓိပ္ပာယ်ဖော်နိုင်ကြောင်း ဖော်ထုတ်ခဲ့သည်။

ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုဖြင့် သွက်ချာပါဒဝေဒနာရှင်၏ စကား

ပြောရန် စမ်းသပ်မှုကို အဓိပ္ပာယ်ဖော်နိုင်ကြောင်း ယခင်သုတေသနပြုလုပ်ချက်များ က ဖော်ပြထားပြီးဖြစ်သည်။ အသုံးပြုသူက အသံထွက်ရန် သက်ဆိုင်ရာ ကြွက်သား များအား အသုံးပြုရန် ကြိုးပမ်းချိန်၊ အမှန်တကယ် ပါးစပ်ဟရန် ကြိုးပမ်းချိန်တွင် ပြောထွက်သောအသံ မသဲကွဲသည့်တိုင် ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်မှုသည် လည်း သက်ဆိုင်ရာ ဦးနှောက်လျှပ်စီးလှိုင်းကို ရှာဖွေ၍ အဓိပ္ပာယ်ဖော်နိုင်ပြီး ၎င်းက ပြောလိုသော အကြောင်းအရာအား စာရိုက်သည့်ပုံစံဖြင့် ဖော်ပြနိုင်သည်။

သို့သော် ကြွက်သားများအား ထိန်းချုပ်နိုင်မှုစွမ်းရည် အကန့်အသတ်ရှိ သူများအတွက်ကမူ ပါးစပ်ဟရန်ကြိုးပမ်းမှုသည် အလွန်အင်အားကုန်ခန်း၍ နေးကွေး နေဆဲပင်ဖြစ်သည်။




အမေရိကန်စတန်းဖို့ဒ်တက္ကသိုလ် စသည့် အဖွဲ့အစည်းများမှ သုတေသီများ က ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်မှု၏ စွမ်းရည်အားတစ်ဆင့်တိုးချဲ့ထွင်၍ အတွင်း စိတ်ပြောဆိုချက်အား တိုက်ရိုက် အဓိပ္ပာယ် ဖော်ရန် ကြိုးပမ်းစမ်းသပ်ခဲ့သည်။ သုတေ သနအဖွဲ့သည် မိုက်ခရိုလျှပ်ခေါင်း (microelectrode) အား ဘာသာစကား ပေါ်ထွက်ရာ ဦးနှောက်အပိုင်းဖြစ်သည့် Motor Cortex တွင် ထည့်သွင်းကာ ၎င်းဖြင့် ပြင်းထန်စွာ သွက်ချာပါဒဝေဒနာရှင် ၄ ဦး၏ အာရုံကြောလှုပ်ရှားမှုများကို မှတ်တမ်း တင်ခဲ့သည်။ စမ်းသပ်မှုလုပ်ဆောင်ရာတွင် သုတေသီများက စမ်းသပ်ခံသူအား အထူးသတ်မှတ်ထားသော စကားစုတစ်ခုကို စမ်းသပ်ပြောဆိုရန်နှင့် အတွင်းစိတ် တွင် စိတ်ကူးယဉ်ရန် လမ်းညွှန်ပေးခဲ့သည်။

အသံထွက်ရန်ကြိုးပမ်းမှုနှင့် အတွင်းစိတ်ပြောဆိုမှုတို့ဖြင့် လှုံ့ဆော်ပေး သော ဦးနှောက်ဇုန်သည် များစွာထပ်တူကျပြီး အာရုံကြောလှုပ်ရှားမှုပုံစံများက အလားတူသော်လည်း အတွင်းစိတ်ပြောဆိုချက်၏ လှုံ့ဆော်ပေးမှုတစ်ခုလုံး ပြင်းအားသည် အတန်အသင့် အားပျော့ကြောင်း ရလဒ်များကဖော်ပြသည်။ အဆိုပါ သုတေသနအဖွဲ့ မိတ်ဆက်မှုအရ ၎င်းတို့သည် အတွင်းစိတ်ပြောဆိုချက် အကြောင်း အရာအား ခွဲခြားအတည်ပြုရန် ဉာဏ်ရည်တု (AI) မော်ဒယ်အား လေ့ကျင့်ထား သည်။ အယူအဆအား အတည်ပြုစမ်းသပ်မှု တစ်ကြိမ်တွင် ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်မှုသည် စကားစုပေါင်း ၁၂၅,၀၀၀ ရှိသည့် စကားစုအုပ်စုထဲမှ စမ်းသပ်ခံ ရသူ၏ အတွင်းစိတ်ပြောဆိုချက်ဝါကျကို အဓိပ္ပာယ်ဖော်ခဲ့ရာ တိကျမှုနှုန်းသည် အမြင့်ဆုံး ၇၄ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

ထို့ပြင် ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုသည် စမ်းသပ်ခံရသူ၏ ကိုယ်တိုင်ပြောဆိုသော အတွင်းစိတ် ပြောဆိုချက်ကိုလည်း ရှာဖွေတွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် ဖန်သားပြင်ထက်၌ ပန်းရောင်အဝိုင်းလည်ချိန်တွင် စမ်းသပ်ခံရသူ က စိတ်ထဲ၌ ဂဏန်းရေရွတ်ရာတွင်လည်း စနစ်က အဆိုပါကိန်းဂဏန်းများကို အဓိပ္ပာယ်ဖော်နိုင်သည်။ အသံထွက်ရန် ကြိုးပမ်းမှုနှင့် အတွင်းစိတ်ပြောဆိုချက်ကြောင့် ဦးနှောက် Motor Cortex အလွှာ၌ ပေါ်ထွက်သည့် အာရုံကြောလှုပ်ရှားမှုများသည် အလွန်အလားတူသော်လည်း ၎င်းတို့နှစ်မျိုးသည် သိသာသည့် ကွဲပြားမှုရှိသောကြောင့် ယုံကြည်အားထားရစွာ ခွဲခြားနိုင်ကြောင်း လည်း သုတေသနအဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ဦးနှောက်-ကွန်ပျူတာချိတ်ဆက်မှုအား အသုံးပြုသည့် ဖြစ်စဉ်အတွင်း အသုံးပြုသူအများအပြားသည် ၎င်းတို့၏ အတွင်းစိတ်ပြောဆိုချက်ကို အပြည့်အဝ အဓိပ္ပာယ်ဖော်နိုင်သည်ကို မလိုလားကြပေ။ အထက်ပါကွဲပြားမှုဖြင့် ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်မှုက အတွင်းစိတ်ပြောဆိုချက်အား လုံးဝ လျစ်လျူရှုရန် လေ့ကျင့်ပေးနိုင်သကဲ့သို့ လျှို့ဝှက်နံပါတ်အသုံးပြု၍ ထိန်းချုပ်ကာ အထူးသတ်မှတ်ထားသည့် အဓိကစကားလုံးများဖြင့် ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်ရာတွင် အတွင်းစိတ်ပြောဆိုချက်အား အဓိပ္ပာယ်ဖော်ခြင်း လုပ်ဆောင်ချက်ကို ယာယီဖွင့်လှစ် အသုံးပြုနိုင်ကြောင်း၊ ယင်းသည် အတွင်းစိတ် ပြောဆိုချက်ဖြင့် ပိုမိုလျင်မြန်လွယ်ကူစွာ ပြောဆိုဆက်ဆံရန်မျှော်လင့်သည့် အသုံးပြုသူများအတွက် အဆင်ပြေမှုများပံ့ပိုးပေးလိုက်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

လက်ရှိ ဦးနှောက်-ကွန်ပျူတာ ချိတ်ဆက်မှုစနစ်သည် အမှားအများအပြားဖြစ်မှုကို ရှောင်ကြဉ်၍ ကိုယ်တိုင် ပြောဆိုသည့် အတွင်းစိတ်ပြောဆိုချက်ကို အဓိပ္ပာယ်ဖော်နိုင်ခြင်း မရှိသေးကြောင်း၊ သို့သော် အနာဂတ်တွင် ဆင်ဆာ၊ တွက်ချက်နည်းများ ပိုမိုခေတ်မီသည့် စက်ပစ္စည်း ပိုမိုများပြားစွာ တွဲဖက်နိုင်မည်ဆိုပါက အဆိုပါ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြေရှိကြောင်း သုတေသီများက ပြောကြားခဲ့သည်။

Source: https://xinhuamyanmar.com/news/china/nc-2581914/

စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## Trump က အမေရိကန်၏ ထုတ်လုပ်မှုကို မြင့်တင်ရန် တင်သွင်းလာသော ပရိဘောဂများအပေါ် အခွန်ကောက်ခံမှုကို မျက်စိကျနေ




Trump အုပ်ချုပ်ရေး အဖွဲ့သည် များပြားလှသော ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံရန် လမ်းခင်းသဖွယ်ဖြစ်နိုင်သည့် နိုင်ငံအတွင်းသို့ တင်သွင်းလာသော ပရိဘောဂများအပေါ် စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်နေသည်ဟု ကြေညာလိုက်ပါသည်။ မြောက်ကာရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနားနှင့် မစ်ရှီဂန်ကဲ့သို့သော ပြည်နယ်များတွင် အမေရိကန်၏ ပရိဘောဂထုတ်လုပ်မှု ပြန်လည်အသက်ဝင်လာနိုင်သဖြင့် သမ္မတ Donald Trump က ယင်းကြေညာချက်ကို ကြေညာခဲ့ခြင်းဖြစ်ပါသည်။

၎င်း၏ Truth Social platform တွင် ကောက်ခံမည့် အခွန်နှုန်းကို အတိအကျ မသတ်မှတ်ရသေးသော်လည်း အဆိုပါသွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုများ ချမှတ်မည့်အစီအစဉ်ဖြင့် စုံစမ်းစစ်ဆေးမှုကို လာမည့်ရက်ပေါင်း ၅၀ အတွင်း အပြီးသတ်ရန် မျှော်လင့်ထားကြောင်း Trump က ရေးသားဖော်ပြထားပါသည်။ အဆိုပြုထားသော ပရိဘောဂအပေါ် အကောက်ခွန်များသည် လက်ရှိနိုင်ငံအလိုက် ကောက်ခံလျက်ရှိသော အကောက်ခွန်နှုန်းထားများအပေါ် အကျုံးဝင်မည်ကို မသေချာမရေရာမှုများ ပေါ်ပေါက်လာခဲ့ပါသည်။

မော်တော်ယာဉ်များ၊ သံမဏိနှင့် အလူမီနီယံတို့အပေါ် အခွန်စည်းကြပ်မှုများ ထွက်ပေါ်လာစဉ်တွင် Donald Trump သည် ကြေးနီ၊ ဆေးဝါးများနှင့် semi-conductors ကဲ့သို့သော သွင်းကုန်များအတွက် အလားတူ အစီအမံများကို ယခင်က အကြံပြုခဲ့ဖူးပါသည်။ တစ်ချိန်တည်းတွင် အပေါင်ခံနှုန်းများ မြင့်တက်နေသဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်ကျဆင်းခဲ့သော အမေရိကန် အိမ်ရာဈေးကွက်သည် ဆက်လက်ရုန်းကန်နေရဆဲဖြစ်ပါသည်။ ယခင်က ပိုင်ဆိုင်သည့်အိမ်များ ရောင်းချမှုမှာ သိသိသာသာ ကျုံ့ခဲ့ရပြီး ဆယ်စုနှစ် သုံးခုနီးပါးအတွင်း ၎င်းတို့၏ အဆိုးဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။

အများအားဖြင့် နွေဦးတွင် အိမ်ဝယ်ယူမှု အလွန်စည်ကားတတ်ပြီး ယခုနှစ်တွင်မူ စိုးရိမ်ဖွယ်အခြေအနေတစ်ရပ် အဖြစ်အားနည်းခဲ့ပါသည်။ မကြာသေးမီ

နှစ်များအတွင်း အိမ်ဈေးနှုန်းများ သိသိသာသာ မြင့်တက်မှုသည် ပြဿနာများကို ပိုမိုဆိုးရွားစေပြီး အလားအလာရှိသော အိမ်ပိုင်ရှင်များအတွက် စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။

အထူးသဖြင့် အကျိုးသက်ရောက်မှုကို ခံရသူများတွင် ပထမဆုံးအကြိမ် အိမ်ဝယ်ယူသူများဖြစ်ပြီး Realtor (National Association of Realtors) အစိုးရ အဖွဲ့၏ အဆိုအရ ယခင်ဇွန်လအတွက် ၃၀ ရာခိုင်နှုန်း ဖြစ်ခဲ့သည့် အခြေအနေနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဇူလိုင်လအတွက် အိမ်အရောင်းမှာ စုစုပေါင်း ၂၈ ရာခိုင်နှုန်းကိုသာ ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ သမိုင်းတလျှောက် အိမ်အရောင်း၏ စုစုပေါင်းအနက် ၄၀ ရာခိုင်နှုန်းဝန်းကျင်အထိ ပါဝင်ခဲ့ပြီး အိမ်ရာ ဈေးကွက်အတွင်း လက်ရှိ စိန်ခေါ်မှုများကို မီးမောင်းထိုးပြခဲ့ပါသည်။

Source: https://www.kaohooninternational.com/politics/563742

မြသက်ချယ်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm